# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 23, 2019 | Volume 23, Number 16


**၂၃.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၁၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၇၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၄/- ကျပ် |
| CBM Rate | = ၁၅၃၃.၈/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၄.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၂.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၀၇.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၈.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၈.၁ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၁၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၀၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၃၁၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ဝါးတောဧရိယာအများဆုံး နိုင်ငံစာရင်းဝင်သော်လည်း ဝါးမှဝင်ငွေရရှိမှု နည်းပါးနေဟုဆို



မြန်မာနိုင်ငံသည် ဝါးတောဧရိယာ တတိယအများဆုံးရှိသည့် နိုင်ငံဖြစ်သော်လည်း ဝါးမှဝင်ငွေရရှိမှုသည် တရုတ်၊ ထိုင်းနိုင်ငံတို့နှင့်နှိုင်းယှဉ်ပါက အလွန် နည်းပါးကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီကပြောသည်။ ဝါးတောပေါက်ရောက်မှု အများဆုံး ဖြစ်သော တရုတ်နိုင်ငံအနေဖြင့် ဝါးထွက်ကုန်ပစ္စည်းထုတ်လုပ်မှုမှ ဒေါ်လာ ၁၆ ဘီလီယံရှိပြီး ထိုင်းနိုင်ငံသည်လည်း ကလွေဝါးမျိုး စိုက်ခင်းတည်ထောင်ကာ မျှစ်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ခြင်းမှ နှစ်စဉ် ကန်ဒေါ်လာသန်း ၄၀ ကျော် ရရှိခဲ့ သည်။

မြန်မာနိုင်ငံသည် ဝါးမှရရှိသည့် နိုင်ငံခြားဝင်ငွေသည် ပျမ်းမျှ နှစ်စဉ်ကန်ဒေါ်လာ ငါးသန်းခန့်သာရရှိနေသည်ဟု ဦးခင်မောင်ရီကပြောသည်။ ဝါးသည် မျှစ်မှစ၍ ဝါးမီးသွေးဖြစ်သည်အထိ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သော်လည်း မြန်မာနိုင်ငံတွင် ဝါးကို အလုံးအတိုင်းဖြစ်စေ၊ အကြမ်းထည်ဖြစ်စေ တင်ပို့နေရသဖြင့် အရည်အသွေး ကောင်းမွန်သည့် ဝါးထုတ်ကုန်များထုတ်လုပ်ပါက နိုင်ငံတကာဈေးကွက်ဝင်နိုင်မည် ဟု ဝါးအသင်းအဖွဲ့များကပြောသည်။ ဝါးကို အကြမ်းထည်ကုန်ကြမ်းတင်ပို့မယ့်အစား အရည်အသွေးကောင်းကောင်း၊ တစ်ဖက်နိုင်ငံရဲ့ လိုအပ်တဲ့အရည်အသွေး ရောက်အောင် ထုတ်လုပ်နိုင်ဖို့လိုအပ်ပါတယ်ဟု မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင် များအသင်း ဒုဥက္ကဋ္ဌ ဦးတင်ဦးကပြောသည်။

သစ်တောဦးစီးဌာနက စီးပွားဖြစ် ဝါးအဓိကထုတ်လုပ်နိုင်သည့် ဧရိယာများအဖြစ် ပဲခူးရိုးမ၊ ရခိုင်ရိုးမနှင့် တနင်္သာရီဒေသဟူ၍သတ်မှတ်ထားပြီး ဝါးတောဧရိယာ စုစုပေါင်း ဟက်တာ ၁၇၈၁၈၀၀ ရှိပြီး ဝါးထုတ်လုပ်မှုစာရင်းအရ နှစ်စဉ်ပျမ်းမျှ ဝါးတောထွက် ၆၃ ဒသမ ၂ သန်းကျော်ရှိသည်။ ကမ္ဘာပေါ်တွင် ဝါးမျိုးစုစုပေါင်း ၇၅ မျိုး၊ ဝါးမျိုးစိတ်ပေါင်း ၁၂၅၀ ခန့် ပေါက်ရောက်သည့်အနက် မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၁ မျိုး၊ ဝါးမျိုးစိတ် ၁၀၂ မျိုးခန့်ရှိပြီး အပြည်ပြည်ဆိုင်ရာ ဝါးနှင့်ကြိမ်ကွန်ရက်အဖွဲ့၏

စံချိန်စံညွှန်းများအရ စီးပွားရေးအရ အသုံးဝင်သည့် ဂါးမျိုးစိတ် ၁၈ မျိုးခန့်ရှိသည်။

**Source:** https://7daydaily.com/story/166727

## အိန္ဒိယ၌ လက်ရှိရာသီတွင် စပါးစိုက်ဧက (၂) % ခန့် ကျဆင်းခဲ့ပြီး၊ ထုတ်လုပ်မှုပမာဏ (၁၀)-(၁၅)% ထိ လျော့နည်းနိုင်ဖွယ်ရှိ

အိန္ဒိယနိုင်ငံ Bihar၊ Odisha၊ Assam နှင့် Karnataka ပြည်နယ်တို့ရှိ ရေလွှမ်းမိုးသည့် ဒေသများ၌ စပါးစိုက်ပျိုးချိန် နောက်ကျခဲ့ခြင်းကြောင့် ယခုနှစ် Kharif ရာသီအတွင်း စပါးစိုက်ဧကမှာ ယခင်နှစ် အလားတူကာလအောက် (၂) % ခန့် လျော့နည်းခဲ့ပြီး၊ စပါး ထုတ်လုပ်မှုပမာဏအနေဖြင့် (၁၀ – ၁၅) % ဝန်းကျင် လျော့နည်းနိုင်သည်ဟု (၁၃-၉-၂၀၁၉) ရက်ထုတ်၊ ET သတင်းစာမျက်နှာ၌ ဖော်ပြထားကြောင်းသိရှိရသည်။ ရေလွှမ်းမိုးခံရသည့် ဒေသအများစုတွင် ရေပြန်ကျသွားပြီဖြစ်သည့်အတွက် စပါးစိုက်ပျိုးရန် ပိုကောင်းမွန်သည့်အနေအထားပင်ဖြစ်လာနေကြောင်း၊ သို့ဖြစ်၍ ယခင်နှစ်၊ စိုက်ဧကကို မကြာမီပြည့်မီလာနိုင်ဖွယ်ရှိသည်ဟု စိုက်ပျိုးရေးဦးစီးဌာန၊ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားထားကြောင်း သိရှိရသည်။

သို့ရာတွင် မုတ်သုံမိုးဝင်ရောက်ချိန်နှင့် ရေလွှမ်းမှုဖြစ်ပေါ်ချိန် နောက်ကျခဲ့သည့် အတွက် Rabi ရာသီ စပါးထုတ်လုပ်မှုမှာ ယခင်နှစ်ထက် များနိုင်သောကြောင့် စုစုပေါင်း တစ်နှစ်ပတ်လုံး ထုတ်လုပ်မှုအနေဖြင့် ယခင်နှစ်ပမာဏကို ပြည့်မီနိုင်ဖွယ်ရှိသည်ဟု ၎င်းက ဆိုထားသည်။ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီး၊ Narendra Singh Tomar ကမူ ယခုနှစ်ရာသီတွင် အစေ့အဆန်ထုတ်လုပ်မှုမှာ စံချိန်သစ် တင်မည်ဟု ET သို့ ပြီးခဲ့သည့်အပတ်က ပြောကြားထား ကြောင်းသိရှိရသည်။

နောက်ဆုံးထုတ်ပြန်ချက်များအရ စပါးစိုက်ဧကအပြင် Karnataka ၊ Maharashtra ပြည်နယ် များ၌ ပဲမျိုးစုံနှင့် ကြံစိုက်ဧကများလည်း ကျဆင်းနေကြောင်း၊ ဆီထွက်သီးနှံ၊ ဝါနှင့်နံ့စားပြောင်း စိုက်ဧကများမှာမူ ယခင်နှစ်နှင့် အလားတူဖြစ်ကြောင်း၊ ပဲမျိုးစုံစိုက်ဧကအနေဖြင့်မူ ယခင်နှစ်အလားတူကာလအောက် (၂)% ခန့် လျော့နည်းနေသော်လည်း အထွက်နှုန်း မြင့်မားနိုင်သည့်အတွက် ထုတ်လုပ်မှုပမာဏ မကျဆင်းနိုင်ကြောင်း၊ ကြံစိုက်ဧကအနေဖြင့်မူ ယခင်နှစ်အလားတူကာလအောက်(၅)% လျော့နည်းနေပြီး၊ ထုတ်လုပ်မှုပမာဏကိုလည်း သက်ရောက်မှုရှိနိုင်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြား ထားကြောင်းသိရှိရသည်။

**Source:** စီးပွားရေးသံမှူး-အိန္ဒိယ

## ၂၀၂၀ ၌ တရုတ်-မြန်မာကုန်သွယ်မှု ဒေါ်လာတစ်ထရီလီယံနှင့် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံပြည့်မီစေရေး နှစ်ဆတိုးကြိုးပမ်းမည်ဟုဆို

၂၀၂၀ ပြည့်နှစ်တွင် တရုတ်-–မြန်မာ ကုန်သွယ်မှု အမေရိကန်ဒေါ်လာ တစ်ထရီလီယံနှင့် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံ ရည်မှန်းချက်အတိုင်း ပြည့်မီစေရန် နှစ်ဆတိုးကြိုးပမ်းမည်ဖြစ် ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။ စက်တင်ဘာ ၂၁ ရက်က တရုတ်နိုင်ငံ နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ ယင်းကဲ့သို့ပြောဆိုခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏အရေးအပါဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သကဲ့သို့ ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံလျက်ရှိသည့်နိုင်ငံလည်းဖြစ်၍ နှစ်နိုင်ငံအနေဖြင့် လက်ရှိ အပြုသဘောဆောင်သည့်အရှိန်ကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်လျက်ရှိသည့်အတွက် ကုန်သွယ်မှု ရည်မှန်းချက်များ

အတိုင်း ပြည့်မီအောင်ဆောင်ရွက်မည့်အပြင် လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ပိုမိုတိုးတက်နိုင်မာအောင် ကြိုးပမ်းမည်ဖြစ်ကြောင်း ဒုတိယသမ္မတကပြောကြားသည်။

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခင်းအကျင်းသစ်မှာ တရုတ်စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် ဒေသတွင်းနှင့်နိုင်ငံတကာရင်းနှီးမြှုပ်နှံ သူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးလျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်သည်လည်း ပိုမိုလွတ်လပ်ပွင့်လင်းပြီး ရင်းနှီးမြှုပ်နှံသူအားလုံးနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအကာအကွယ်ပေးမည်ဖြစ်ကြောင်း ၎င်းက ကတိပြုခဲ့သည်။ ကမ္ဘာ့စီးပွားရေးချိန်ခွင်လျှာသည် ကမ္ဘာ့အရှေ့ပိုင်းဒေသများဆီကို ရွှေ့လျားနေသည့်ကာလတွင် မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရေးပါသည့်နေရာတွင်တည်ရှိပြီး သင့်တင့်မျှတသည့်လုပ်အားခနှင့် သင်ယူတတ်မြောက်လွယ်သည့် လုပ်သားအင်အားစုများစွာ ပိုင်ဆိုင်ထားသည့်အတွက် ယင်းအခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်ရန် အခွင့်အခါအကောင်းဆုံးအချိန်ပင်ဖြစ်ကြောင်း ဦးမြင့်ဆွေကပြောကြားခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/128745.html

## အာဆီယံတွင် မြန်မာသည် စီးပွားရေးတိုးတက်နှုန်း အမြင့်ဆုံးနိုင်ငံအဖြစ်ရပ်တည်နေဟု ဝန်ကြီးပြော

၂၀၁၀ ပြည့်နှစ်က စ၍ ၁၈ နှစ်အတွင်း မြန်မာနိုင်ငံ၏ဝင်ငွေသည် ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံမှ ၇၁ ဘီလီယံအထိ တိုးတက်ခဲ့ပြီး အာဆီယံနိုင်ငံများတွင် စီးပွားရေးတိုးတက်နှုန်းအမြင့်ဆုံးနိုင်ငံအဖြစ် ရပ်တည်နေဆဲဟု ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက် သွယ်ရေးဝန်ကြီး ဦးသောင်းထွန်းက စက်တင်ဘာ ၂၂ ရက်၌ပြောသည်။ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် Singapore Summit 2019အခမ်းအနား၌ ၎င်းက ယင်းသို့ ပြောကြားသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၃ သန်းရှိပြီး ၎င်းတို့သည် မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ထက် နှစ်ဆကြီးသည့် မြေဧရိယာတွင် ပျံ့နှံ့နေထိုင်နေသည်ဟုဆိုသည်။ မြန်မာ့စီးပွားရေးတိုးတက်နှုန်းသည် ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းကြားရှိနေပြီး အာရှဖွံ့ဖြိုးရေးဘဏ်၏ခန့်မှန်းချက်အရ ယခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် လာမည့်နှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟုဆိုသည်။ ဒီလိုတိုးတက်မှုတွေရှိလာခြင်းကြောင့် မကြုံဖူးတဲ့ စီးပွားရေးစနစ်ပြောင်းလဲမှုတွေ ပေါ်ပေါက်စေခဲ့ပြီး ဆင်းရဲမှုတ်မျဉ်းအောက် ရောက်နေတဲ့ မြန်မာနိုင်ငံသားအရေအတွက် တစ်ဝက်ခန့်လျော့နည်းသွားပါတယ်။ ဒီစီးပွားရေးသက်ရောက်မှုကို ကျေးလက်ရော မြို့ပြမှာပါမြင်နိုင်ပါတယ်ဟု ဦးသောင်းထွန်းကပြောသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရန်ကြိုးစားနေပြီး ယခုအခါနိုင်ငံတကာ ဆက်ဆံရေးကို ပုံဖော်နေသော အင်အားကြီးသည့်သက်ရောက်မှုများကို ရင်ဆိုင်ကိုင်တွယ်လာရသည်ဟု ဝန်ကြီးကဆိုသည်။ ထိုသက်ရောက်မှုများအနက် မြင်ရသည့် သက်ရောက်မှုများ၊ မမြင်ရသည့် သက်ရောက်မှုများလည်း ပါဝင်သည်ဟုဆိုသည်။ ဒီမိုကရေစီ အသွင်ကူးပြောင်းစ နိုင်ငံတစ်ခုအတွက် စိန်ခေါ်မှုသည် ဖွံ့ဖြိုးမှုကာလနှင့်အပြောင်းအလဲကို မည်မျှအသုံးချနိုင်မည်ဟူသောအချက်ဖြစ်သည်ဟု ဦးသောင်းထွန်းကဆိုသည်။ လက်ရှိမြန်မာနိုင်ငံသည် လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်နှင့်နှိုင်းယှဉ်ပါက အကြီးအကျယ်ပြောင်းလဲကွာခြားသွားသည်ဟု ဝန်ကြီးကဆိုသည်။ မြန်မာနိုင်ငံသည် ကျယ်ပြန့်သောကဏ္ဍစုံဖွံ့ဖြိုးရေး မဟာဗျူဟာများကိုဖော်ဆောင်နေပြီး ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဖိတ်ခေါ်၍ အားယူနေသည်ဟု ဦးသောင်းထွန်းကဆိုသည်။

MSDP ဟုခေါ်သော မြန်မာရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို လုပ်ဆောင်နေပြီးယင်းစီမံကိန်းတွင် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ပြုပြင်ပြောင်းလဲရေး အစီအစဉ်များပါဝင်သည်ဟု ဝန်ကြီးကဆိုသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံချက်၊ မြေယာဘဏ်စသည်တို့ကိုလည်း ဆောင်ရွက်ထားသည်ဟုဆိုသည်။ မြေယာဘဏ်လုပ်ငန်းသည် မြေယာပိုင်ဆိုင်မှုကို ရှင်းလင်းစေသည်ဟုဆိုသည်။ ထို့ပြင် ပွင့်လင်းမြင်သာစွာ ရင်းနှီးမြှုပ်နှံနိုင်ရန် စီမံကိန်းဘဏ်ကိုလည်း မိတ်ဆက်ခဲ့သည်ဟုဝန်ကြီးကဆိုသည်။ မြန်မာနိုင်ငံ၏တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အရ အလုပ်အကိုင်အခွင့်အလမ်းသစ်များ၊ စီးပွားရေးအခွင့်အလမ်းသစ်များဖြစ်လာရေး တာဝန်သိရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သည်ဟုဆိုသည်။

**Source:** https://7daydaily.com/story/166829

## ငမြောင်တောင်ပိုးကျရောက်မှုကင်း၍ ရေနံချောင်း၌ ဖူးစားပြောင်းများဖြစ်ထွန်း

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ငမြောင်တောင်ပိုးကျရောက်မှုမရှိသောကြောင့် ဖူးစားပြောင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။



ဖူးစားပြောင်းကို သီးညှပ်အဖြစ်လည်းကောင်း၊ သီးသန့် အဖြစ်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ပြောင်းဖူးကို သရေစာ ဈေးကွက်သို့ရောင်းချပြီး ဖူးစားပြောင်းအပင်ကို နွားစာအဖြစ် ကျွေးမွေးရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်သည်။ ရေနံချောင်း မြို့နယ်တွင် လက်ရှိစိုက်ပျိုး ရေးအခြေအနေကို ရုံးကုန်းကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးအားမေးမြန်းရာ ကျွန်တော်တို့အုပ်စုမှာ မိုးသီးနှံတွေဖြစ်တဲ့ မြေပဲ၊ ဝါနဲ့ ဖူးစားပြောင်းတွေ စိမ်းစိမ်းစိုစိုနဲ့ အောင်မြင်ဖြစ်ထွန်းနေပါတယ်ဟု ၎င်းကပြောဆိုခဲ့သည်။ အားသာချက်ကတော့ ငမြောင်တောင်ပိုး ကျရောက်မှုမရှိဘူးလေ။ ဒါကြောင့် ပြောင်းတွေကောင်းတယ်။ ဖူးစားပြောင်း စောစာစိုက်တဲ့ တောင်သူတွေ လက်ရှိရောင်းချနေကြရပြီ။ ပြောင်းဖူးဈေးကလည်း ကောင်းတဲ့အတွက် ဝင်ငွေကောင်းပြီး တောင်သူတွေအဆင်ပြေနေကြတယ်ဟု တောင်သူဦးသိန်းထွန်းကရှင်းပြသည်။ ရေနံချောင်းမြို့နယ်တွင် မိုးနှင့်ဆောင်းရာသီ ဖူးစားပြောင်းဧက ၈၅၀၀ ကျော် လျာ ထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရသိရသည်။

**Source:** https://myanmar.mmtimes.com/news/128706.html

## လက်ရှိဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၅၀၀ သာရှိရန် မျှော်မှန်းခဲ့သော်လည်း ဘဏ္ဍာနှစ်ကုန်ဆုံးရန် နှစ်ပတ်ကျော်သာကျန်ရှိချိန်၌ ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၁၂၀၀ ကျော်ရှိနေ

လက်ရှိဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေကို ဒေါ်လာသန်း ၅၀၀ သာရှိစေရန် မျှော်မှန်းခဲ့သော်လည်း ဘဏ္ဍာနှစ်ကုန်ဆုံးရန် နှစ်ပတ်ကျော်သာကျန်ရှိချိန်၌ ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၁၂၀၀ ကျော် ရှိနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။ ကုန်သွယ်မှုလိုငွေဆိုသည်မှာ မိမိနိုင်ငံကတင်ပို့သည့် ပို့ကုန် တန်ဖိုးထက် သွင်းကုန်တန်ဖိုး မြင့်မားနေခြင်းကိုဆိုလိုသည်။ တစ်နည်းအားဖြင့် မိမိနိုင်ငံက တင်ပို့နိုင်မှုစွမ်းအားထက် ပြည်ပမှ ပိုမိုတင်သွင်းနေရခြင်းဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ ၁၁ လခွဲခန့်တွင် ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉၇၆ ဘီလျံသာရှိပြီး သွင်းကုန်တင်သွင်းမှုမှ အမေရိကန် ဒေါ်လာ ၁၇ ဒသမ ၂၁၈ ဘီလျံကျော်အထိ တင်သွင်းထားသည်။ ထို့ကြောင့် သွင်းကုန်တန်ဖိုးက ပို့ကုန်တန်ဖိုးထက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၂၄၁ ဘီလျံ (ဒေါ်လာ ၁၂၄၁ သန်းကျော်) ပိုများနေသောကြောင့် ကုန်သွယ်မှုလိုငွေမှာလည်း အမေရိကန် ဒေါ်လာ ၁၂၄၁ သန်းကျော် ရှိနေသည်။

လက်ရှိဘဏ္ဍာနှစ်တွင် ပြည်ပကုန်သွယ်မှု စုစုပေါင်းပမာဏ ဒေါ်လာ ၃၁ ဘီလျံကျော်ရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် ကုန်သွယ်မှုလိုငွေ ဒေါ်လာ သန်း ၅၀၀ ဝန်းကျင်အထိလျော့ကျအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးပထမနေ့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ပြောကြားထားသည်။ သို့သော်လည်း လက်ရှိဘဏ္ဍာနှစ်ကုန်ဆုံးရန် ၁၇ ရက်သာ ကျန်ရှိချိန်တွင် ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုလိုငွေပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၂၀၀ ကျော်ရှိနေသောကြောင့် မျှော်မှန်း ထားချက်ပြည့်မီရန် ကုန်သွယ်မှုလိုငွေကို အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော်အထိ ထပ်မံလျှော့ချရမည်ဖြစ်သည်။ ယင်းသို့

မျှော်ထားချက် ပြည့်မီရန်လိုအပ်နေသေးသော်လည်း လက်ရှိဘဏ္ဍာနှစ် ၁၁ လခွဲခန့်တွင်ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှု လိုငွေပမာဏသည် ယခင်နှစ်ကာလတူတွင်ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုလိုငွေပမာဏထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၃ဝ ဘီလျံ ကျော်လျော့ကျခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃ ဘီလျံကျော် ရရှိခဲ့ပြီး ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၃၆ ဘီလျံကျော် ရှိခဲ့သည်။ ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်ကြားကာလ ခြောက်လတွင် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၈ ဘီလျံကျော်ရရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ တစ်ဘီလျံကျော်အထိ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှု လိုငွေပြမှု လျော့နည်းစေရန်နှင့် ကုန်သွယ်မှုပိုငွေဖြစ်ပေါ်လာစေရန်အတွက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရန် အမျိုးသားအဆင့်ပို့ကုန် မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များချမှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများဖြေလျှော့ခြင်း၊ ပုဂ္ဂလိကကဏ္ဍကို အားပေးခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့နိုင်ရေးအားပေးခြင်း၊ GSP ကဲ့သို့ ပို့ကုန်ဆိုင်ရာ အခွန်သက်သာခွင့် ရရှိပြီး လုပ်ငန်းရှင်များ ပို့ကုန်ဈေးကွက် တိုးချဲ့တင်ပို့နိုင်ရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၂၃ ရက်အထိ ၁၁ လ ခန့်တွင် မြန်မာနိုင်ငံအနေဖြင့် စုစုပေါင်းကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃၁ ဘီလျံကျော်ရှိပြီး ယခင်နှစ် ကာတူထက် အမေရိကန်ဒေါ်လာ သန်း ၂၆ဝ ကျော် လျော့ကျခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/136146

## ပြည်တွင်းကုမ္ပဏီတစ်ခုက ဂျပန်သို့ ရွှေတုံးစတင်တင်ပို့ မည်



ဂျပန်နိုင်ငံသို့ ရွှေတုံး၊ ရွှေခဲတင်ပို့ရန် ပြည်တွင်းကုမ္ပဏီ တစ်ခုကိုခွင့်ပြုပေးပြီး ပထမဦးဆုံးအကြိမ် ရွှေတုံးတင်ပို့နိုင်တော့မည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။ အစိုးရက ရွှေပြည်ပတင်ပို့၊ တင်သွင်းခြင်းကို ၂၀၁၈ ဇန်နဝါရီတွင် တရားဝင်ခွင့်ပြုပြီး ရွှေတုံး၊ ရွှေခဲကို ပထမဦးဆုံး တင်ပို့ခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။ အခေါက်ရွှေကို ပထမဦးဆုံးပို့တာပါ။ ဟိုဘက်က အဆင်ပြေ၊ မပြေ စမ်းသပ်ဦးမယ်။ အခုပို့တဲ့ ကုမ္ပဏီကလိုင်စင်ရပြီးသားဖြစ်လို့ ချက်ချင်းတင်ပို့လို့ ရပါတယ်ဟု ဦးမျိုးမြင့်ကပြောသည်။

အခွန်ကိစ္စများ ညှိနှိုင်းပြီးစီးပါက ထပ်မံတင်ပို့နိုင်ခြေရှိသည်ဟု ဦးမျိုးမြင့်ကဆိုသည်။ ယခုတင်ပို့ခြင်းသည် ရွှေတုံး၊ ရွှေခဲဖြစ်ပြီးစ ရွှေလက်ဝတ်ရတနာ ပို့ဆောင်ခြင်းတွင် ဂျပန်နိုင်ငံသို့ ပြည်တွင်းကုမ္ပဏီတစ်ခုက သုံးကြိမ်တင်ပို့ပြီး ဖြစ်သည်။ ရွှေများကို ပြည်ပမှတင်သွင်း၊ ပြည်ပသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ဂိတ်များမှပြုလုပ်နိုင်ပြီး အကောက်ခွန်၊ ကုန်သွယ်ရေးလုပ်ငန်းခွန်၊ အထူးကုန်ပစ္စည်းခွန်များ ပေးဆောင်ရမည်ဖြစ်သည်။

ပြည်ပသို့ ရွှေတင်ပို့ခြင်းကို လက်ရှိတွင် ကုမ္ပဏီနှစ်ခုဖြင့်ညှိနှိုင်းနေပြီး ၎င်းတို့မှာ ဥရောပနှင့်ဒူဘိုင်းသို့ တင်ပို့ရန်ဖြစ်သည်။ ဥရောပသို့ ရွှေဆိုင်းများတင်ပို့ရန် ပြည်တွင်းကုမ္ပဏီတစ်ခုက စီစဉ်ခြင်းဖြစ်ပြီး ရွှေဆိုင်းများအလှဆင်ရန် ပထမဆုံး တင်ပို့ရောင်းချရန်ဖြစ်သည်။ ဒူဘိုင်းကုမ္ပဏီတစ်ခုသည် အာဖရိကရှိ သန့်စင်မှုအဆင့် ၉၂ ရာခိုင်နှုန်းရှိသည့် ရွှေများကို ပြည်တွင်းသို့တင်သွင်း၍ ၉၉ ရာခိုင်နှုန်းအဆင့်ထိသန့်စင်ကာ ဒူဘိုင်းသို့ပြန်လည်တင်ပို့ရန်ဖြစ်သည်။ ရွှေတင်သွင်းမှု အနည်းဆုံး လေးတန်မှ ၁ဝ တန်အထိ ဖြစ်လာနိုင်သည်ဟုဆိုသည်။

**Source:** https://7daydaily.com/story/166658

## ယခုနှစ်အတွင်း ပြည်ပသို့ မြန်မာ့ကော်ဖီတန်ချိန် ၅၀၀ တင်ပို့နိုင်ခဲ့




မြန်မာ့ကော်ဖီကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဈေးကွက်ဝင် အကြိုက်များသည့်အတွက် နှစ်စဉ်တင်ပို့လျက်ရှိပြီး ယခုနှစ် ဇွန်လနှင့် ဇူလိုင်လမှစတင်၍ ကော်ဖီတန်ချိန် ၅၀၀ ကို ပြည်ပနိုင်ငံအသီးသီးသို့ တင်ပို့နိုင်ခဲ့ရာ ယခင်နှစ်များထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းနာယက ဦးရဲမြင့်ကပြောဆိုသည်။

ပြည်တွင်း၌ လွန်ခဲ့သည့် နှစ်နှစ်တာကာလတွင် ကော်ဖီတန်ချိန် ၇၀၀၀ မှ ၈၀၀၀ ဝန်းကျင်ထုတ်လုပ်နေပြီး ပြည်ပသို့တင်ပို့ရာတွင် ၂၀၁၇ ခုနှစ်က တန်ချိန်၂၀၀ ခန့်၊ ၂၀၁၈ ခုနှစ်၌ တန်ချိန် ၃၀၀ ခန့်နှင့် ယခုနှစ်တွင် တန်ချိန် ၅၀၀ ခန့် တိုးမြှင့်တင်ပို့နိုင်ခဲ့သည်ဟု ပြောဆိုသည်။ ကော်ဖီက တန်ဖိုးမြင့်စက်မှုသီးနှံတစ်မျိုး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် ရွာငံဒေသကထွက်ရှိတဲ့ အာရေဗီးကားကော်ဖီဟာ ကမ္ဘာ့အဆင့်မီသတ်မှတ်ခံရပြီး သင့်တင့်တဲ့ ဈေးနှုန်း ရရှိလာသလို ပြည်ပဝယ်လိုအားရှိလာတယ်။ ပြည်တွင်းဈေးကွက်မှာ ပြည်ပက တင်သွင်းနေတဲ့ Instant Coffee တွေနေရာမှာ အစားထိုးနိုင်မယ့် ရိုဘတ်စကာ ကော်ဖီအခန်းကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက် လာဖို့လိုပါတယ်ဟု ၎င်းကပြောဆို သည်။

မြန်မာနိုင်ငံတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၊ မိုးကုတ်မြို့နယ်၊ ရှမ်းပြည်နယ်-ရွာငံမြို့နယ်၊ နောင်ချိုမြို့နယ်၊ ဟိုပုံးမြို့နယ်စသည်တို့တွင် အများဆုံးစိုက်ပျိုး ထုတ်လုပ်လျက်ရှိရာ ရုရှား၊ အမေရိကန်၊ ဂျာမနီ၊ ဂျပန်၊ ကိုရီးယားနှင့်စင်ကာပူ တို့သို့တင်ပို့နေပြီး ဈေးကွက်ချဲ့ထွင်ရရှိရေးတွင် ကော်ဖီလုပ်ငန်းရှင်နီးမြှုပ်နှံမှုအတွက် ချေးငွေထောက်ပံ့မှုနှင့် သက်ဆိုင်ရာ ဌာနများမှ ပံ့ပိုးမှုများလိုအပ်ကြောင်းသိရသည်။ ကော်ဖီက နိုင်ငံခြားဝင်ငွေရတယ်။ ပြည်ပကတင်သွင်းတဲ့ Instant Coffee နေရာမှာ အစားထိုးနိုင်ဖို့ ပြည်တွင်းမှာစိုက်ပျိုးဖို့ ရာသီဥတုနဲ့ရေမြေအလားအလာရှိတဲ့ ရိုဘက်စတာ ကော်ဖီကဏ္ဍဖွံ့ဖြိုး ဖို့လည်းလုပ်မယ်ဆိုရင် ပြည်ပဈေးကွက်အတွက် နောက်နှစ်တွေမှာလည်း တိုးပြီးတင်ပို့နိုင်ဖို့နဲ့ ဈေးကွက်ခိုင်မာဖို့က စိုက်ပျိုး ထုတ်လုပ်သူတွေနဲ့ ဌာနဆိုင်ရာက အားလုံးပူးပေါင်းကူညီဆောင်ရွက်ဖို့ လိုပါတယ်ဟု ဆက်လက်ပြောဆိုသည်။

မြန်မာနိုင်ငံအတွင်း ကော်ဖီစိုက်ပျိုးမှုအများဆုံးဖြစ်သည့် မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ် တို့တွင် စုစုပေါင်းကော်ဖီစိုက်ဧက ၄၈၅၇၈ ရှိပြီး မန္တလေးတိုင်းတွင် ၅၈၃၂ ဧကရှိ၍ လက်ရှိတွင် မြန်မာနိုင်ငံ၏ကော်ဖီ ထုတ်လုပ်မှုမှာ အရှေ့တောင်အာရှနိုင်ငံများမှ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်တို့နှင့် နှိုင်းယှဉ်လျှင် ထုတ်လုပ်မှု နည်းပညာ အားနည်းခြင်း၊ သတင်းအချက်အလက်ဖလှယ်မှု လိုအပ်နေခြင်းတို့ကြောင့် ကမ္ဘာ့ဈေးကွက်ရရှိမှု နည်းပါးနေသေးကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/128667.html

## ပြည်ပသို့ စပါးလွတ်လပ်စွာ တင်ပို့ ခွင့်ပြုရန်တောင်းဆို




မကြာမီအသစ်ထွက်လာမည့် မိုးစပါးကို ပြည်ပသို့ လွတ်လပ်စွာ တင်ပို့ရောင်းချခွင့်ပြုရန် လယ်သမားဘဝ ဖွံ့ဖြိုးရေးအသင်းက အစိုးရထံတောင်းဆိုသည်။ အချိန်ကာလနှင့် အရေအတွက်ထိန်းပြီး စပါးတရားဝင်တင်ပို့ခွင့်ပြုရန် ဝန်ကြီးဌာနက စီစဉ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက် အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ နယ်စပ်ကုန်သွယ်ရေးဖြင့် မြန်မာနိုင်ငံမှစပါးဝယ်ယူရန် တရုတ်နိုင်ငံယူနန်ပြည်နယ်အစိုးရက

ကမ်းလှမ်းထားကြောင်း၊ အစိုးရ သဘောတူညီမှုဖြင့်တရားဝင်ဝယ်ယူပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် အသင်းအဖွဲ့များက ကန့်ကွက်ရန်မရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ သို့သော် လယ်သမားများက ကန့်သတ်မှုမရှိဘဲ လွတ်လပ်စွာတင်ပို့ခွင့်ပြုပေးရေး အဓိကလိုလားသည်ဟု လယ်သမားဘဝဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ကဆိုသည်။

လက်ရှိတွင် ဒေသအချို့၌ မိုးစပါးအနည်းငယ် စတင်ရိတ်သိမ်းနေပြီး ကားလမ်းနှင့် အနီး၊ အဝေးပေါ်မူတည်၍ စပါးတင်းတစ်ရာလျှင် ကျပ်သုံးသိန်းခွဲမှ ကျပ်လေးသိန်းလေးသောင်းအကြား ဈေးရှိနေသည်။ ယင်းဈေးနှုန်းသည် လယ်ကွက်အတွင်း ရိတ်သိမ်း၊ ခြွေလှေ့အပြီး ရောင်းချရသည့် ဈေးနှုန်းဖြစ်သည်။ အခုဈေးအရဆိုရင် ဦးတို့အနေနဲ့ ရောင်းဖို့အတော်ကိုခက်မယ်ဟု ဦးသိန်းအောင်ကဆိုသည်။ ခနဖြူမြို့နယ်အတွင်း မိုးရာသီစိုက်ပျိုးသော သက်န (လယ်သမားအခေါ် ကောက်စောစပါး) ဒေသအချို့တွင် စတင်ထွက်ပေါ်နေပြီး တင်းတစ်ရာလျှင် ကျပ်သုံးသိန်းခွဲသာဈေးရှိသည်ဟု ၎င်းကဆိုသည်။ ဧရာဝတီတိုင်းပြီးပါက မြန်မာနိုင်ငံ၏ ဒုတိယစပါးစိုက်ဧက အများဆုံးဖြစ်သော ပဲခူးတိုင်းတွင် မိုးရာသီစိုက်ပျိုးသည့် သက်နစပါးများ အသစ်စတင်ထွက်လာပြီဖြစ်သည်။ လက်ရှိစပါးဈေးက ကားလမ်းမအရောက် တင်းတစ်ရာလျှင် ကျပ်လေးသိန်းလေးသောင်းဈေးရှိကြောင်း ပဲခူးတိုင်းအရှေ့ခြမ်း ကျွဲပွဲမြို့နယ်မှ လယ်သမားဦးလှမျိုးတင့်ကပြောသည်။ ယခုနှစ် မိုးစပါးစတင်ပေါ်ချိန် ဈေးနှုန်းများသည် ယခင်နှစ်ထက်လျော့နည်းသည်ဟု ၎င်းကဆိုသည်။ ၂၀၁၈ မိုးစပါးစတင်ပေါ်ချိန်တွင် တရုတ်နိုင်ငံသားများ လယ်ကွင်းထဲအထိ တိုက်ရိုက်ဆင်းကာ စပါးဝယ်ယူခဲ့ပြီး တင်းတစ်ရာလျှင် ကျပ်ခြောက်သိန်းခုနစ်သောင်းအထိရရှိခဲ့သည်ဟု ဦးလှမျိုးတင့်ကပြောသည်။ သို့သော် တရားမဝင် ဝယ်ယူခြင်းဖြစ်၍ အစိုးရတာဝန်ရှိသူများက ခွင့်မပြုသဖြင့် နောက်ပိုင်းတွင် တရုတ်စပါး ကုန်သည်များက အဝယ်ရပ်သွားပြီး စပါးဈေးနှုန်းလည်း တင်းတစ်ရာလျှင် ကျပ်ငါးသိန်းခွဲခန့်သို့ ပြန်လည်ကျဆင်းခဲ့သည်။ လွှတ်ပေးလို့တော့ မရဘူးဗျ။ ထိန်းထိန်းသိမ်းသိမ်းပဲ သွားရမယ်ဟု မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးနေလင်းဇင်က စပါးတင်ပို့ခွင့်ပြုပါကလည်း ထိန်းထိန်းသိမ်းသိမ်းသာ ခွင့်ပြုသင့်ကြောင်းပြောသည်။

နိုင်ငံတကာကုန်သွယ်ရေးအလေ့အထများတွင် ကုန်ကြမ်းပစ္စည်းရောင်းခြင်းထက် ကုန်ချောများသာ အဓိကရောင်းချလေ့ရှိသည်။ ထို့ကြောင့် လယ်ယာထုတ်ကုန်ဖြစ်သော စပါးကိုရောင်းချခြင်းထက် ဆန်ကိုသာအဓိက ရောင်းသင့်သည်ဟု ၎င်းကဆိုသည်။ ထို့အပြင် စပါးကုန်ကြမ်းကို ပြည်ပတင်ပို့ခွင့်ပြုမည်ဆိုပါက ပြည်တွင်း၌ ဆန်ကွဲနှင့်ဖွဲနုရှားပါးခြင်း ကြုံတွေ့နိုင်သည်။ စပါးမှဆန်ကြိတ်ခွဲရာတွင် ဆန်အပြင် ဖွဲနု၊ ဖွဲကြမ်းနှင့်ဆန်ကွဲများလည်းရရှိသည်။ ၎င်းထွက်ကုန်များသည် မွေးမြူရေးလုပ်ငန်းများအတွက် အရေးကြီးသည်။ မွေးမြူရေးအစာများအဖြစ် ဖွဲနု၊ ဆန်ကွဲ စသည်တို့ကို အဓိကအသုံးပြုရသဖြင့် ဖွဲနု၊ ဆန်ကွဲရှားပါးမည်ဆိုပါက ကုန်ဈေးနှုန်းလည်း မြင့်တက်လာနိုင်သည်ဟု ဦးနေလင်းဇင်ကပြောသည်။ သို့သော် လယ်သမားများကြုံတွေ့နေသော စပါးဈေးနှုန်းကျဆင်းနေမှုဖြေရှင်းရန် နိုင်ငံတော်မူဝါဒအရ ပြည်ပသို့ စပါးတင်ပို့ခွင့်ပြုမည်ဆိုလည်း ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ပေးစေလိုကြောင်း ၎င်းကပြောကြားသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်မိုးရာသီစိုက်ပျိုးသည့် စပါးများကို စက်တင်ဘာလကုန်ပိုင်းနှင့် အောက်တိုဘာလဆန်း၌ စတင်ရိတ်သိမ်းလေ့ရှိပြီး နိုဝင်ဘာတွင် ဒေသစုံမှထွက်ပေါ်လေ့ရှိသည်။ စိုက်ဧက ၁၇ သန်းခန့်မှ ထုတ်လုပ်သည့် စပါးများသည် ပြည်တွင်း၌ တစ်နှစ်တာစားသုံးမှုသာမက ပြည်ပတင်ပို့ရန်ပါဝင်သည်။

**Source:** https://7daydaily.com/story/166817

## ပြည်တွင်းထွက်သကြား ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုသော်လည်း ဈေးကွက်အပေါ် သက်ရောက်မှုမရှိ၍ တင်သွင်းခွင့် ယာယီရပ်ဆိုင်းရန်လို




ပြည်တွင်း၌ သကြားများစုပုံနေသည်မှာ တစ်နှစ်ကျော်ကာလရှိနေပြီး သကြားဈေးကွက် ကျဆင်းနေခြင်းကို ကုစားရန်မှာ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခြင်းက သက်ရောက်မှုမရှိနိုင်ဘဲ လစဉ်တင်သွင်းနေမှုကို အကန့်အသတ်ဖြင့် ဆိုင်းငံ့ရန်လိုကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောဆိုသည်။

သကြားကို ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်မှာ ၂၀၁၈ ကတည်းက ခွင့်ပြုထားသော်လည်း ဥပဒေကြမ်းတွင် ပါရှိမလာသဖြင့် လွှတ်တော်

၌ ဆွေးနွေးအတည်ပြုခဲ့ရခြင်းဖြစ်ကာ လုပ်ငန်းရှင်များအား လစဉ် တန်ချိန် တစ်သောင်းတင်သွင်းခွင့်ပြုနေခြင်းကို ခြောက်လ (သို့) တစ်နှစ်ခန့်ရပ်ဆိုင်းပါက တစ်နှစ်ကျော်ကြာစုပုံနေသော သကြားတန်ချိန်များစွာမှာ ပြည်တွင်းဈေးကွက်သို့ ရောက်ရှိနိုင်မည်ဟုပြောဆိုသည်။ ၂၀၁၈ မှာ ကုန်သွယ်ခွန်ကင်းလွတ်ခွင့် ဥပဒေမှာပါပြီးသားကို ဥပဒေကြမ်းမှာ ပါမလာလို့ ခုလွှတ်တော်မှာ အတည်ပြုတာပါ။ အရင်ကလည်း ကင်းလွတ်နေတာမို့ ဒါက သက် ောက်မှုမရှိဘူး။ လစဉ် တန်ချိန် တစ်သောင်းလောက်သွင်းနေတာကို ဆက်မသွင်းဘဲ ကာလတစ်ခုဆိုင်းငံ့လိုက်ရင် ပြည်တွင်းမှာ သကြားအရောင်းသွက်လာမယ်။ သုံးစွဲသူလက်ထဲရောက်လာမယ်။ စုပုံနေတဲ့သကြားတွေရောင်းရမယ်ဟု ၎င်းကပြောဆိုသည်။

လက်ရှိတွင် ပြည်တွင်း၌ ယခင်နှစ်က သကြားတစ်ပိဿာ တစ်ထောင်ကျော်ရှိရာ ယနေ့ပေါက်ဈေးမှာ ကျပ် ၉၃၀ ဝန်းကျင် ရှိသည့်နေသည့်အပြင် ယခင်နှစ်က ကျပ်တစ်ထောင်သကြားကို တရုတ်ကအဝယ်မရှိခြင်း၊ ယခင်နှစ် လက်ကျန်သကြား တန်ချိန်များစွာ ဂိုဒေါင်များတွင်စုပုံနေခြင်းနှင့် လာမည့်နိုဝင် ဘာတွင် သကြားစက်ရုံများမှ ထွက်ရှိလာမည် ဖြစ်ခြင်းနှင့် ပြည်ပမှ လုပ်ငန်းသုံးလိုင်စင်ဖြင့် လစဉ်တင်သွင်းနေခြင်းတို့ကြောင့် သကြားများ ပိုမိုစုပုံလာမည်ဖြစ်သည်။ ASIAN Free Trade ဖြစ်သည့်အတွက် ထိုင်းနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ သွင်းကုန်များမှာ အခွန် ကင်းလွတ်ခွင့်ရှိနေပြီး ၎င်းတို့သကြားမှာ ပြည်တွင်းသကြားကို ဈေးကွက်ယှဉ်ပြိုင်နိုင်ခြင်းက ပြည်တွင်းစက်ရုံ ထုတ်သကြားများမှာ ဈေးကွက်ပျောက်သည့် အနေအထား ရောက်နေခြင်းနှင့် စက်ရုံများမှ ပြည်တွင်းစားသုံးမှု ဖူလုံစွာထုတ်လုပ်နိုင်သည့်အတွက် သကြားတင်သွင်းမှုကို ယာယီရပ်ဆိုင်း ရန်လိုသည်ဟုပြောဆိုသည်။

ကြံစိုက်ကေမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကေပေါင်းလေးသိန်းကျော်ရှိပြီး သကြားစက်များကလည်း ယမန်နှစ်ပေါက်ဈေးအတိုင်း ဝယ်ယူပေးသွားမည်ဖြစ်ကြောင်းသိရပြီး Import Policy နှင့် Production Policy နှစ်ခုကို ညီမျှအောင် ချိန်ဆလုပ်ဆောင်ရန်အပြင် စားသုံးသူနှင့်စက်မှုလုပ်ငန်းများတွင် Refined Sugar များ အစားထိုးထုတ်လုပ် သွားရန်လိုကြောင်း မြန်မာ့ကြံသကြားဖွံ့ဖြိုး ရေးနှီးနှောဖလှယ်ပွဲမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/128733.html

## မကွေးတိုင်းထွက် ထန်းလျက်များကို ကာလပေါက်ဈေးအတိုင်းဝယ်ယူ၍ ပြည်ပပို့မည်



Zawgyi Agri Trade ကုမ္ပဏီက မကွေးတိုင်းဒေသကြီးက ထွက်ရှိသည့် ထန်းလျက်များကို ကာလပေါက်ဈေးအတိုင်း ဝယ်ယူပြီးပြည်ပသို့ တင်ပို့မည်ဖြစ်ကြောင်းသိရသည်။ မကွေး၊ ရေနံချောင်းနှင့် ချောက်မြို့နယ်များမှ ထန်းတောင်သူများကို ဖိတ်ကြား၍ ထန်းလျက်ကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဖော်ထုတ်သတ်မှတ်ခြင်း၊ ဈေးကွက်စနစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် ပေါင်းစု လုပ်အားအကူအညီပေးရေးအဖွဲ့ (NAG) က ဦးဆောင်၍ Zawgyi Agri Trade ကုမ္ပဏီတာဝန်ရှိသူများနှင့် ထန်းလျက်ချက် တောင်သူများ စက်တင်ဘာ ၁၀ ရက်က တွေ့ဆုံဆွေးနွေးခြင်း ဖြစ်သည်။ ထန်းတောင်သူများက ထန်းလျက်ကို ကုမ္ပဏီ၏ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ပြုလုပ်ပေးရန်လိုအပ်ကြောင်း Zawgyi Agri Trade ကုမ္ပဏီက တာဝန်ရှိသူ ဦးစိုးမိုးပြည့်စုံက ပြောသည်။ ကျွန်တော်တို့အဖွဲ့ ပူးပေါင်းမယ်ဆိုလို့ရှိရင် နည်းလမ်းလေးတွေ ပြောပြမယ်။ ဒီထန်းလျက်ကို ဘယ်လိုရောင်း ရမယ်၊ ဘယ်လိုထုတ်ရမယ်၊ ဘယ်နေရာကိုတင်ပို့ပြီး ရောင်းချရမယ်။ ချက်တဲ့နည်းကို တောင်သူအဆင်ပြေတဲ့အထိ ထန်းလျက်ချက်တဲ့ တဲထဲအထိ အရောက်လာပေးမယ်ဟု ၎င်းကပြောသည်။ ထန်းဈေးကွက်ကို မြှင့်တင်ပေးခြင်းဖြင့် ထန်းတက်သည့် မိသားစုများ၏ အခက်အခဲများဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး အဆိုပါကုမ္ပဏီက ထန်းလျက်ဈေးနှုန်း တည်ငြိမ် အောင် ကူညီပေးနိုင်ရန် တောင်သူများကမျှော်လင့်ကြသည်။

ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (NAG) မကွေးတိုင်း ညှိနှိုင်းရေးမှူး ဦးဇော်ဌေးဦးက စိတ်ပါဝင်စားလို့ ပူးပေါင်း

လာမယ်ဆိုရင် ထန်းသမား အာမခံအတွက် ကျွန်တော်တို့ လုပ်ပေးဖို့ရှိပါတယ်။ နောက်တစ်ခါ ဈေးငွေနဲ့ပတ်သက်တဲ့ ရန်ပုံငွေ ကျေးရွာတွေမှာ လုပ်ပေးနိုင်ဖို့ ကြိုးစားနေတာရှိပါတယ်။ ဒါက ဝင်ငွေတင်မဟုတ်ဘဲ မိသားစုအရေးကိစ္စတွေပါ သုံးတတ် လာအောင် သူတို့သုံးခွင့်ရအောင်ဝိုင်းပြီးတော့ ဖြေရှင်းလို့ရအောင် ကူညီပေးတာဖြစ်ပါတယ်။ အဲ့ဒီအတွက် ကြိုးစားနေ ပါတယ်ဟုပြောသည်။ ထန်းလုပ်ကိုင်သူများသည်ထိုင်း၊ မလေးရှားနှင့်တောင်ကိုရီးယားနိုင်ငံများသို့ အလုပ်ထွက်လုပ်ကိုင် နေကြသဖြင့် ထန်းပင်တက်သူ မရှိသလောက် ဖြစ်လာပြီး ထန်းလျက်ဈေးကွက်ပါ ပျက်ပြားနေကြောင်းသိရသည်။

ရေနံချောင်းမြို့နယ်၊ သပွတ်စုကျေးရွာမှ ထန်းတောင်သူ ဦးညွန့်လှိုင်က ဇော်ဂျီကုမ္ပဏီပဲဖြစ်ဖြစ်၊ ရောင်းဝယ်သမားပဲ ဖြစ်ဖြစ် အဓိကအခြေခံကျတာက ထန်းသမားပဲဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ ထန်းသမားကလျော့နည်းနေတယ်။ ထန်းသမားတွေပျောက်မသွားအောင် ဘယ်လိုကာကွယ်မလဲဆိုတာ အရေးကြီးတယ်ဟုပြောသည်။ မကွေးမြို့နယ်မှ ထန်းတောင်သူတစ်ဦးက ကျွန်တော်တို့ဒေသမှာ ထန်းရည်၊ ထန်းလျက်က အများအပြားထွက်ရှိတယ်။ ဒါကြောင့်မို့ NAG အဖွဲ့အနေနဲ့က ထန်း တောင်သူတွေကို အရင်းအနှီးထုတ်ပေးပြီး ကူညီပံ့ပိုးပေးဖို့ လိုအပ်တယ်ဟု ပြောသည်။

**Source:** https://www.facebook.com/thefarmermedia/photos/a.301081060006087/2468881213226050/?type=3&theater

## ကြံတစ်တန်လျှင် သတ်မှတ်ဈေးထက် ကျပ်တစ်ထောင် ပိုပေး၍ဝယ်မည်




ကြံတစ်တန်လျှင် သတ်မှတ်ဈေးထက် ကျပ်တစ်ထောင်ပိုပေး၍ ဝယ်မည် ကြံစိုက်တောင်သူများ အဆင်ပြေစေရန် ကူညီသည့်အနေဖြင့် အခြေခံသကြားဈေးနှုန်းဖြင့် သတ်မှတ်ထားသည့် ကြံဈေးအပြင် တစ်တန်လျှင် ကျပ်တစ်ထောင်ပိုပေးကာ ဝယ်ယူပေးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မောင်းကုန်းဒေသရှိဂရိတ်ဝေါလ် သကြားစက်ရုံက သိရသည်။ လာမည့်ကြံရာသီတွင် ရာသီဥတုကြောင့် ထွက်နှုန်းကျဆင်းမှုနှင့် အတူကြံဈေးနှုန်းကျဆင်းမှုကြောင့် တောင်သူများအခက်အခဲတွေ့လာနိုင်သောကြောင့် စက်ရုံအနေဖြင့် ထောက်ပံ့ကြေး သဘောမျိုးဖြင့် ကြံတစ်တန်ကို ကျပ်တစ်ထောင် ပိုပေးရန်စီစဉ်ခြင်း ဖြစ်ကြောင်း ဂရိတ်ဝေါလ် သကြားစက်ရုံတာဝန်ခံ ဦးကျော်နိုင်က မြန်မာတောင်သူကြီးများဂျာနယ်ကို ပြောသည်။ သကြားဈေးနှုန်းအခြခံနဲ့တွက်ပြီး ဒီလဆန်းပိုင်းက ကြံတစ်တန်ကျပ် ၃၈၀၀၀ နဲ့ ကြံစရန်ငွေ ကျပ်သိန်းပေါင်း ၈၀၀၀ တောင်သူတွေကို စာချုပ်ချုပ်ဆိုပြီး ထုတ်ပေးခဲ့ပါတယ်။ ဒီနှစ် ရာသီဥတုကြောင့် ကြံအထွက်နှုန်း မနှစ်ကထက် ထက်ဝက်နီးပါးကျဆင်းနိုင်ပါတယ်။ ထွက်နှုန်းကျဆင်းသလို ကြံအရည်အသွေးပါ ကျဆင်းဖို့ရှိနေပါတယ်။ ဒီဒေသတစ်ခုလုံးက ကြံစိုက်တောင်သူတွေအနေနဲ့ စိုက်စရိတ်ဆုံးရှုံးမှုကို သက်သာအဆင်ပြေဖို့ စက်ရုံကတိုးပေးတာပါ။ အစိုးရက သကြားတင်သွင်းမှုကိုထိန်းသိမ်းပေးလို့ ပြည်တွင်းသကြားဈေး ပြန်တက်လာတာနဲ့ ကြံတောင်သူတွေလည်း ကြံဈေးတိုးတက်ရရှိလာမှာပါဟု ၎င်းကပြောသည်။ လက်ရှိပြည်တွင်း သကြားဈေး ပြန်လည်မြင့်တက်လာမှသာ ကြံစိုက်တောင်သူများ အဆင်ပြေလာမည်ဖြစ်ကြောင်း ကသာမြို့နယ် အရှေ့ခြမ်း ကျောက်ထုံးကြီးကျေးရွာမှ ကြံစိုက်တောင်သူ ဦးချိုတူးကပြောသည်။

ဒီနှစ်က မိုးရွာနောက်ကျလို့ ကြံဖြစ်ထွန်းမှုမကောင်းဘူး။ အထွက်နှုန်းကျတဲ့အပြင် ကြံဈေးနှုန်းပါ ကျဆင်းသွားတော့ တောင်သူတွေအမြတ်မပြောနဲ့ စိုက်စရိတ်တောင် မကျေနိုင်တော့ဘူး။ လက်ရှိ ကြံဈေးနှုန်းက ၁၀ စုနှစ်အတွင်း အနိမ့်ဆုံးလို့ ပြောရမယ်။ စက်ရုံကလည်း မနှစ်ကသကြားတွေ ရောင်းမထွက်တော့ ကြံစရန်ပေး နောက်ကျတယ်။ သူတို့လည်း ဈေးငွေတွေရအောင်လုပ်ပြီး ဝယ်ပေးလို့ကျေးဇူးတင်ရမယ်။ တောင်သူအများစု စိုက်ပျိုးစရိတ်ကာမိရုံသာရှိပါတယ်။ ပြည်တွင်း သကြားဈေးတက်လာပါစေလို့ပဲ ထိုင်ဆုတောင်းနေရတယ်ဟု ၎င်းကပြောသည်။ ဂရိတ်ဝေါလ်သကြားစက်ရုံကို မှီခိုစိုက်ပျိုး နေသည့် ကြံစိုက်ဧက ၈၅၀၀၀ ခန့်ရှိပြီး တစ်ရက်လျှင် တန် ၈၀၀၀ ကြိတ်ဝါးနိုင်ကြောင်း၊ ယခုနှစ်တွင် ကြံအထွက်နှုန်း

ကျဆင်းလာနိုင်တာကြောင့် ကြံတန်ချိန် ၁၀ သိန်းခန့်သာ လာမည့်ကြံရာသီအတွင်း ကြိတ်ဝါးရန်လျာထားကြောင်း သိရသည်။ ကြမ်းခင်းဈေးက ပုံသေမဟုတ်ပါဘူး။ ပြည်တွင်းသကြားဈေး ကျပ် ၅၀ တက်တိုင်း တောင်သူက တစ်တန်ကျပ် ၁၀၀၀ တိုးမြှင့်ရရှိမှာပါ။ ဒီဈေးထက်ကျသွားရင်တောင် ကျွန်တော်တို့စက်ရုံက ကြမ်းခင်းဈေးအတိုင်း ပေးဝယ်သွားမှာပါ။ ပြည်တွင်းသကြားဈေး ပြန်လည်ကောင်းမွန်လာဖို့ အစိုးရအကူအညီအများကြီးလိုပါတယ်။ မဟုတ်ရင် စက်ရုံ၊ တောင်သူ၊ ကြံလုပ်သားအားလုံး အဆင်မပြေဖြစ်လာမှာပါဟု ၄င်းကပြောသည်။

ယခင်နှစ်က ကြံရာသီကုန်ဆုံးသော်လည်း တောင်သူများထံတွင် လက်ကျန်ကြံမကုန်သေးသဖြင့် အပိုကြိတ်ဝါးခဲ့ရာ စက်ရုံအနေဖြင့် သကြား အထွက်နှုန်း ကျဆင်းကာဆုံးရှုံးခဲ့ကြောင်း၊ ထို့ပြင် လက်ကျန်သကြားတန်ချိန် ၁၂၀၀၀ ကျော် လက်ရှိအချိန်ထိ ထိန်းသိမ်းထားရသဖြင့် ထိန်းသိမ်းခနှင့် သကြားအရည်အသွေးကျဆင်းလာမှုကြောင့် ဆက်လက်ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရကြောင်း စက်ရုံတာဝန်ခံကရှင်းပြသည်။ ပြည်တွင်းသို့ သကြားတင်သွင်းမှုကို လိုအပ်သလောက်သာ ခွင့်ပြုတင်သွင်းခွင့်ပြုနေကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားသော်လည်း ပြည်တွင်း၌ သကြားများ တရားမဝင်၊ တရားဝင် သကြားများ စုပုံနေခြင်း၊ တရုတ်နိုင်ငံမှ သကြားတင်သွင်းမှု ကန့်သတ်ချက်များကြောင့် ပြည်တွင်းသကြားစက်ရုံများက သကြားများ စုပုံနေကာ သကြားဈေးကျဆင်းနေခြင်းဖြစ်သည်။

**Source:** https://www.facebook.com/thefarmermedia/posts/2465178083596363?__tn__=K-R

## လာမည့်လအတွင်းငါးမျိုးစုံဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာနိုင်ခြင်းကြောင့် ငါးဈေးနှုန်းများကျဆင်းမှုရှိလာနိုင်ဟုဆို

လာမည့်လအတွင်းငါးမျိုးစုံ ဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာနိုင်ခြင်းကြောင့် ငါးဈေးနှုန်းများကျဆင်းမှုရှိလာနိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က သုံးသပ်ပြောသည်။ ယခုစက်တင်ဘာ ၁ ရက်မှစတင်၍ ပင်လယ်ငါးဖမ်းလုပ်ငန်းများ လုပ်ငန်းပြန်လည်လုပ်ကိုင်လာခြင်း၊ အင်းအိုင်သဘာဝငါး ဖမ်းရာသီစတင်ခြင်းတို့ကြောင့် ဈေးကွက်အတွင်း မွေးမြူရေးငါးများသာမက ငါးမျိုးစုံပြန်လည်ဝင်ရောက်လာပြီး ငါးဈေးနှုန်းများကျဆင်းလာနိုင်ခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပင်လယ်ငါးဖမ်းက သုံးလရပ်နားပြီး အခုစက်တင်ဘာ ၁ ရက်ကစပြီး လုပ်ငန်းပြန်လုပ်ကိုင်ကြတယ်။ ငါးတွေပြန်ဖမ်းကြတယ်။ နောက်ပြီးအင်းအိုင်ငါးဖမ်းရာသီလည်းမကြာခင်ရောက်တော့မယ်ဆိုတော့ အောက်တိုဘာ၊ နိုဝင်ဘာမှာဈေးကွက်ထဲ ငါးတွေစုံလာပြီး ငါးတွေပြန်ရောက်လာမယ်။ ငါးတွေက ငါးပိ၊ ငါးခြောက် လုပ်တဲ့လိုင်း၊ အိတ်ပို့စ်သွားတဲ့လိုင်း၊ ပြည်တွင်းစားသုံးတဲ့လိုင်းဆိုပြီး သူ့ လိုင်းနဲ့သူရှိတယ်။ ငါးပိငါးခြောက်လုပ်တဲ့ ငါးတန်လိုငါးမျိုးက ဈေးလျော့သွားနိုင်တယ်။ ငါးမြစ်ချင်းမှာလည်း ဆိုဒ်ငယ်တွေက ငါးပုံလာရင်ဈေးလျော့သွားနိုင်တယ်။ ဆိုဒ်ကြီးကတော့ ဈေးကျဖို့မလွယ် ဘူး။ ဈေးကွက်မှာလည်း ရှားနေတော့ ဈေးကောင်းနိုင်ပါတယ်ဟု ဒီမိုကရေစီတုဒေးသို့ပြောသည်။ ပြီးခဲ့သည့်လများတွင်ပင်လယ်ငါးဖမ်းသင်္ဘောများကိုငါးမ ဖမ်းရကာလအဖြစ် သုံးလသတ်မှတ်ပိတ်ပင်ခဲ့ခြင်းကြောင့် ငါးဈေးကွက်တွင် ပင်လယ်ငါးများရှားပါးခြင်း၊ အင်းအိုင်သဘာဝမှလည်းငါးရရှိမှုလျော့နည်းလာခြင်းကြောင့် မွေးမြူရေးငါးများသာ ငါးဈေးကွက်အတွင်း အများဆုံးရှိနေပြီး ငါးဈေးနှစ်ဆခန့်မြင့်တက်ခဲ့ကြောင်း သိရသည်။

ပန်းတနော်မြို့နယ်ငါးမွေးမြူ ရေးလုပ်ငန်းရှင် ဦးထွန်းမင်းနိုင်က မွေးမြူရေးငါးက ရှေ့လျှောက်အလားအလာ အများကြီးကောင်းနိုင်တယ်။ ပင်လယ်ငါးဖမ်းတွေက နှစ်တိုင်းဒီလိုသုံးလလုံးဝထွက်ခွင့်မပေးဘဲ ပိတ်မယ်ဆိုရင် စားသုံးသူတွေက မွေးမြူရေးငါးကိုပဲ အားထားစားရမယ့်သဘောရှိတယ်။ အခုလို ပင်လယ်ငါးဖမ်းပြန်ဖွင့်ချိန်၊ ရာသီငါးတွေ ပြန်တက်လာချိန်မှာတော့ ဈေးအနည်းငယ်ကျဆင်းနိုင်တယ်ဆိုပေမယ့် သူ့အနေအထားက အများကြီးကောင်းထားပြီးသားလေ။ မွေးမြူရေးလုပ်တဲ့သူတွေမှာ အစာစရိတ်ကကြီးလာတယ်။ အစာစရိတ်ကြီးပေမယ့်လည်း ငါးဈေးနှုန်းကတက်တော့ မွေးရတာလည်း တွက်ခြေကိုက်ကြတယ်။ အခုနှစ်မှာလည်း မွေးကန်တွေတိုးချဲ့လာတာတွေ့ရတယ်ဟုပြောသည်။ ပြည်တွင်းတွင် ငါးမွေးမြူရေးများ တိုးချဲ့မွေးမြူမှုများရှိလာသော်လည်း ပြည်တွင်းစားသုံးမှုဖူလုံရန်၊ ပြည်ပနိုင်ငံများသို့ ရေထွက်ပစ္စည်းများ ပိုမိုတင်ပို့လာနိုင်ရန်အတွက် ယခုထက်ပို၍ ငါးမွေးမြူရေးကို အဓိကဦးစားပေးလုပ်ကိုင်ရန်လိုအပ်ပြီး မွေးမြူရာတွင်လည်း ကာလတိုဖြင့်ဈေးကွက်သို့ ဝင်ရောက်နိုင်သောငါးများ၊ တန်ဖိုးမြင့်ငါးများ မွေးမြူထုတ်လုပ်ရန်လိုအပ်ကြောင်းသိရသည်။

Source: https://dailydemocracytoday.com/business-news/454

## ကမ္ဘာ့စီးပွားရေးတိုးတက်မှု ဆယ်စုနှစ်တစ်စုအတွင်း အနှေးကွေးဆုံးဖြစ်မည်ဟု စီးပွားရေးပညာရှင်တွေခန့် မှန်း

ကမ္ဘာ့စီးပွားရေးဟာ နှေးကွေးနေလျက်ရှိပြီး ယင်းဟာ recession တစ်ခုဆီတောင် ဦးတည်သွားနိုင်တယ်လို့ သိရပါတယ်။ ယခုအခါ intergovernmental economic group တစ်ခုဖြစ်တဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးမှု အဖွဲ့အစည်း OECD က ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ဆယ်စုနှစ်တစ်စုအတွင်း အနိမ့်ဆုံးအတိုင်းအတာတစ်ခုအဖြစ် လျှော့ချခန့်မှန်းသွားခဲ့ပါတယ်။

ကမ္ဘာ့စီးပွားရေးဟာ ၂၀၁၉ ခုနှစ်မှာ ၂ ဒသမ ၉ ရာခိုင်နှုန်းသာ တိုးတက်မယ်လို့ OECD က ခန့်မှန်းပါတယ်။ ယင်းကတော့ ၂၀၀၉ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးသော ခန့်မှန်းချက်နှုန်းထားလည်းဖြစ်ပါတယ်။ ၂၀၂၀ မှာတော့ ကမ္ဘာ့ စီးပွားရေးဟာ ၃ ရာခိုင်နှုန်းကို တက်လာဖို့ရှိတယ်လို့လည်း OECD က ခန့်မှန်းသွားပါတယ်။ G20 နိုင်ငံတွေကတော့ ယခုနှစ်မှာ တိုးတက်မှုနှုန်း ၃ ဒသမ ၁ ရာခိုင်နှုန်း၊ လာမယ့်နှစ်မှာ ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိမယ်လို့လည်း ယင်းက ခန့်မှန်း သွားပါတယ်။

Source: https://edition.cnn.com/.../oecd-global-growth-slo.../index.html

SFJ Strategy First Journal

## (GAP) လက်မှတ်ရ သီးနှံများကို စင်ကာပူဈေးကွက်ကိုတင်ပို့နိုင်ရန် ဖိတ်ခေါ်သွားမည်



ရှမ်းပြည်နယ်မှထွက်ရှိတဲ့ ကောင်းမွန်သောစိုက်ပျိုးရေးအလေ့အကျင့်နဲ့စိုက်ပျိုးထားတဲ့(GAP) သီးနှံများကို စင်ကာပူ ဈေးကွက်ကိုတင်ပို့နိုင်ရန် ဆောင်ရွက်သွားမှာဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံပန်းမာန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။

ကောင်းမွန်သောစိုက်ပျိုးရေးအလေ့အကျင့် (GAP)လက်မှတ်ရရှိထားတဲ့တောင်သူတွေ စိုက်ပျိုးထားတဲ့သီးနှံတွေကို စင်ကာပူဈေးကွက်ကို တင်ပို့ရောင်းချနိုင်ရန်အတွက် ဝယ်လက်တွေကို ဖိတ်ခေါ်သွားမှာဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီး ဝလံပန်းမာန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ဥက္ကဌ ဦးစိုးသန်းမင်းဒင်က ပြောပါတယ်။ (SAFI) စီမံကိန်းကနေလုပ်ဆောင်ထားတဲ့ တောင်သူ(၁၂၀) ကနေ ကောင်းမွန်သောစိုက်ပျိုးရေးအလေ့အကျင့်လက်မှတ် ရရှိပြီးသား သီးနှံတွေကို ပြသပြီးတော့ စင်ကာပူဈေးကွက်ကို တင်ပို့နိုင်ဖို့အတွက် ဝယ်လက်တွေကို ချိတ်ဆက်ဆောင်ရွက် သွားမှာပါဖြစ်ပြီး၊ တောင်သူများစိုက်ပျိုးထားတဲ့ သီးနှံများမှာ ကြက်သွန်ဖြူ ကြက်သွန်နီ၊ အာလူးနဲ့ ဂျင်းစတဲ့ သီးနှံများပါဝင်ပြီး တင်ပို့ရောင်းချသွားမှာဖြစ်ကြောင်း အဆိုပါအသင်းမှ သိရပါတယ်။ အဆိုပါတောင်သူများ စိုက်ပျိုးထားတဲ့သီးနှံများကို အခြား ဈေးကွက်များကိုလည်း တင်ပို့ကာရောင်းချသွားမှာဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ ပန်းမာန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။

Source:https://greenwaymyanmar.com/posts/invite_GAP_certificate_crops_to_export?fbclid=
IwAR2jpwKYO vmQZSoaU9k5frO0JVmgV_3SYpPttiF270VXcjcmy1N5BwJnPcY

## ကလေးမြို့ ချင်းတောင်ခရမ်းချဥ်ဈေးကျခဲ့သော်လည်း တမူးနယ်စပ်ဈေးမှအဝယ်လိုက်၍ အရောင်းအဝယ်သွက်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ချင်းတောင်ထွက်သီးနှံမျိုးစုံ ရောင်းဝယ်ရေးဈေးကွက်တွင် ချင်းတောင်ထွက် မိုးခရမ်းချဥ်သီးများ ဈေးကျနေသော်လည်း မြန်မာ-အိန္ဒိယနယ်စပ်တမူးဈေးကွက်မှ ဝယ်ယူမှုများပြားသည့်အတွက် အရောင်းအဝယ်သွက်လျက်ရှိကြောင်း ကလေးမြို့ တာဟန်းချင်းတောင် သီးနှံမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီးက ပြောဆိုသည်။ ချင်းတောင်ခရမ်းချဥ်သီးက လွန်ခဲ့တဲ့နှစ်တွေတုန်းက အခုလို ရာသီမှာ တစ်ပိဿာ ကျပ် ၁၂၀၀ ဈေးရှိတယ်။ အခုနှစ်မှာတော့ တစ်ပိဿာ ၄၀၀ အထိဈေးကျတော့ မကိုက်ဘူးဖြစ်နေတယ်။ ဒါပေမဲ့ တမူးနယ်စပ်ဈေးဘက်က အဝယ်လိုက်နေတဲ့အတွက် ဈေးမကောင်းပေမယ့် အရောင်းအဝယ်သွက်နေသေးတယ်ဟု ၎င်းကပြောဆိုသည်။

ချင်းတောင်ထွက်သီးနှံအများစုကို ချင်းပြည်နယ်ဖလမ်းမြို့နယ် လာသီး၊ လုမ်းဘန်၊ ပါရှိသဲ၊ လုမ်းဟော့၊ ဘွဲလ်ခွား၊ ဖိုင်ဇောဒေသများတွင် ဥယျာဉ်ခြံမြေထွက်သီးနှံအဖြစ် အများစုစိုက်ပျိုးကြပြီး ကလေးမြို့ဈေးကွက်သို့ တင်ပို့ရောင်းချသည်။ ချင်းတောင်တွင်စိုက်ပျိုးသည့် ခရမ်းချဥ်ပင်အများစုမှာ တိုင်ထောင်အမျိုးအစားဖြစ်ပြီး အပင်တစ်ပင်လျှင် အနည်းဆုံး ကိုးပိဿာမှ ၁၀ ပိဿာဝန်းကျင်ထွက်ရှိကြောင်းသိရသည်။ ယခုရက်ပိုင်း ကလေးမြို့ဈေးကွက်သို့ ချင်းတောင်ထွက် ခရမ်းချဥ်သီးပိဿာချိန် သိန်းချီဝင်ရောက်မှုရှိပြီး ဖောက်သည်ဈေးတစ်ပိဿာလျှင် ကျပ် ၃၀၀ မှ ၄၀၀ ဝန်းကျင် အရောင်း အဝယ်ဖြစ်ကာ ကလေးမြို့မှတစ်ဆင့် တမူး၊ ချင်းတွင်း အထက်ပိုင်းသို့ တင်ပို့ရောင်းချသည့်ဖောက်သည်ဈေးမှာ တစ်ပိဿာ ကျပ် ၅၀၀ ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/128641.html

## STOCK EXCHANGE (23.9.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 23rd Sep. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 11,500 | 1,386 | 16,548,500 | 27,112,747 | 325,353 |
| MTSH | 00002 | 4,400 | -100 | -2.22% | 4,400 | 4,500 | 4,400 | 30,491 | 134,210,200 | 38,929,150 | 171,288 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 11 | 92,400 | 10,400,986 | 87,368 |
| FPB | 00004 | 26,500 | +500 | +1.92% | 26,500 | 26,500 | 26,500 | 2,520 | 66,780,000 | 2,472,053 | 65,509 |
| TMH | 00005 | 3,100 | +50 | +1.64% | 3,050 | 3,100 | 3,050 | 1,560 | 4,758,050 | 12,823,224 | 39,752 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 503.37 | -1.47 | -0.29% | 502.90 | 503.37 | 495.84 | 35,968 | 222,389,150 | 5 | 689,270 |

**Index chart**




# Market Overview

As of 12:00 pm, 23rd Sep. 2019

| MYANPIX | 502.90 ▼1.94 |
|---|---|
| Total Volume (shares) | 21,964 |
| Total Value (MMK) | 146 mil |
| Listed Company | 5 |
| Market Cap. (MMK) | 688,629 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲0 |
| MTSH | 00002 | 4,400 | ▼100 |
| MCB | 00003 | 8,400 | ▲0 |
| FPB | 00004 | 26,500 | ▲500 |
| TMH | 00005 | 3,050 | ▲0 |